သို့

ဦးသိန်းစိန်
နိုင်ငံတော်သမ္မတကြီး
ပြည်ထောင်စုမြန်မာနိုင်ငံ

ရက်စွဲ။ ။၂၀၁၄ ခုနှစ် အောက်တိုဘာလ (၃) ရက်

အကြောင်းအရာ ။ ။ ပစ်ခတ်တိုက်ခိုက်မှုများ အမြန်ဆုံးရပ်တန့်နိုင်ရေး ကူညီဆောင်ရွက်ပေးပါရန်

သမ္မတကြီး၏ အောက်တိုဘာလမိန့်ခွန်းတွင် အလွန်အရေးကြီးသည့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးရေးကိစ္စကို အောင်မြင်စွာဆောင်ရွက်နိုင်မှသာ ကြားကာလနိုင်ငံရေးတည်ငြိမ်မှု၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်မှု နှင့် မြင်သာသည့်နိုင်ငံရေးအသွင်ကူးပြောင်းမှုများကို ရေရာသေချာစေမည့်အကြောင်း သတိပြုမိစေလိုသည် ဟုပါရှိပါသည်။

ထိုသို့မိန့်ကြားပြီး နောက်တစ်နေ့ (အောက်တိုဘာ ၂ ရက်) နံနက်တွင် မြန်မာ့တပ်မတော်၏ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့ များမှ စစ်သည်အင်အား (၁၀၀၀) ကျော်တို့က ငြိမ်းချမ်းရေးရယူထားသည့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) ၏တာ့ဖာဆောင် နှင့် ၎င်းအနီးတဝိုက်ရှိ အခြားတပ်စခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်ဟု ကြားသိရပါသည်။ ဤလုပ်ရပ်သည် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကတိကဝတ်ကို ချိုးဖောက်ရာ ရောက်သည့်အတွက် လုံးဝမဖြစ်သင့်၊ မဖြစ်ထိုက်ဟု ယူဆပါသည်။

မြန်မာပြည်၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများက ဝိုင်းဝန်းကြိုးပမ်းနေချိန်တွင် အထက်ပါ မလိုလားအပ်သော ပစ်ခတ်တိုက်ခိုက်မှုများ အမြန်ဆုံးရပ်တန့်စေနိုင်ရေး နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအားဖြင့် ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးက တာဝန်ယူဆောင်ရွက်ပေးပါရန် အလေးအနက်တိုက်တွန်းပန်ကြားအပ်ပါသည်။

စဝ်ဆောတဲန်
နာယက
ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA)

နွံထွန်းဦး

ဥက္ကဋ္ဌ
ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)

နိုင်းအိုက်ပေါင်း

ဥက္ကဋ္ဌ
ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP)

စဝ်ကိုင်ဖ

ဒုတိယဥက္ကဋ္ဌ
ဆင်ကျော့ဘွာနေပြည်သူစစ်

စဝ်ယွက်စစ်

ဥက္ကဋ္ဌ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် (RCSS/SSA)

စဝ်ဟန်ယောင်ဝေ

မိတ္တူ -
ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ